DENVER PUBLIC SCHOOLS
Discover a World of Opportunity™

# အကဲဖြတ်စစ်ဆေးမှုများနှင့်ပတ်သက်၍ မိဘများအတွက် လမ်းညွှန်

*၂၀၁၈-၁၉ ပညာသင်နှစ်*

## NAEP (ပညာရေးတိုးတက်မှုအား နိုင်ငံတော်အဆင့် စစ်ဆေးအကဲဖြတ်မှု)

ဆန်းစစ်အကဲဖြတ်မှုများသည် အတန်းအဆင့်နှင့် ကျောင်းသားကျောင်းသူများတွင်ရှိရမည့် ဗဟုသုတနှင့် အတတ်ပညာစံနှုန်းများကို အောင်မြင်နှံ့စပ်မှုရှိမရှိ သော်လည်းကောင်း၊ ၂၁ ရာစုအတွက် ပြင်ဆင်ထားပြီးဖြစ်၍ အထက်တန်းကျောင်းအောင်မြင်ရန် လမ်းကြောင်းပေါ်တွင် ရောက်ရှိနေမှုရှိမရှိတို့နှင့်စပ်လျဉ်းပြီး ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် ဆရာဆရာမများကို တန်ဖိုးရှိသည့် အချက်အလက်များ ရရှိစေပါသည်။ ယင်းဆန်းစစ်အကဲဖြတ်စစ်ဆေးမှုရလဒ်များဖြင့် သင့်ကလေး၏ ပညာရေးပိုင်းတိုးတက်မှုရှိမရှိကို သိသာစေမည့် သက်သေခံ ကိုယ်ထည်တစ်ခုအား တိုင်းတာရန် ရည်ရွယ်သည်။

## ဤအကဲဖြတ်စစ်ဆေးမှုဆိုသည်မှာ အဘယ်နည်း။

ပညာရေးတိုးတက်မှုအား နိုင်ငံတော် အဆင့် စစ်ဆေးအကဲဖြတ်မှု (NAEP) သည် ကျွန်ုပ်တို့ နိုင်ငံရှိ ကျောင်းသူကျောင်းသားများသည် သင်္ချာ၊ သိပ္ပံ ၊ အဖတ်နှင့် အရေးကဲ့သို့ ကဏ္ဍများတွင် မည်သည်တို့ကို သိရှိထားသည်၊ မည်သည်တို့ကို စွမ်းဆောင်နိုင်သည်တို့ကို နိုင်ငံတော်အဆင့် ကိုယ်စားပြုစစ်ဆေးသည့် အကြီးဆုံး အကဲဖြတ်စစ်ဆေးမှု တစ်ခုဖြစ်သည်။ စစ်ဆေးသည့် နှစ်ပေါ်တွင် မူတည်၍ အကဲဖြတ် စစ်ဆေးမှုများမှာ နည်းပညာ စာပေနှင့် လူမှုရေးပညာတို့ ကိုလည်း အလေးပေး စစ်ဆေးနိုင်သည်။ ရလဒ်များကို နိုင်ငံတော် အစီရင်ခံစာကတ်တစ်ခုအဖြစ် ထုတ်ပြန်မည်ဖြစ်သည်။

NAEP တွင် ပြည်နယ် စစ်ဆေးအကဲဖြတ်မှုများနှင့် မတူညီသော အခန်းကဏ္ဍတစ်ခုရှိသည်။ ပြည်နယ်များတွင် မိမိတို့၏ မတူညီသော အကြောင်းအရာ စံနှုန်းများအလိုက် ကိုယ်ပိုင်သီးသန့် စစ်ဆေးမှုများ ရှိသည်။ ပြည်နယ်အားလုံးတွင် တူညီသော NAEP စစ်ဆေးမှုကို ပြုလုပ်မည်ဖြစ်ပြီး ကျောင်းသူကျောင်းသားများ၏ အောင်မြင်မှုအပေါ် ယေဘုယျအတိုင်းအတာတစ်ခုကို ထုတ်ပေးမည်ဖြစ်သည်။

ဒင်းဗားအစိုးရကျောင်းများသည် NAEP အကဲဖြတ် စစ်ဆေးမှုတွင် နှစ်ပေါင်းများစွာ ပါဝင်ဖြေဆိုခဲ့ကြပါသည်။ ၂၀၁၆-၁၇ ပညာသင်နှစ်သည် NAEP ၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်သော မြို့ပြခရိုင် အစမ်းအကဲဖြတ်စစ်ဆေးမှု(TUDA) တွင် ပထမဆုံး ဝင်ရောက်ဖြေဆိုခဲ့သော နှစ်ဖြစ်သည်။ အခြား ကျောင်းခရိုင် ၂၇ ခုနှင့်အတူပါဝင် ဖြေဆိုခြင်းအားဖြင့် ကျွန်ုပ်တို့သည် အခြား အလားအတူ ကျောင်းခရိုင်များနှင့် နှိုင်းယှဉ်၍ မည်သို့ပြုလုပ် ဆောင်ရွက်နေပုံကို ပိုမို နားလည် သဘောပေါက်လာမည် ဖြစ်သည်။ ထို့နောက်တွင် ကျွန်ုပ်တို့ တွန်းအားအဖြစ် အသုံးပြုနိုင်မည့် အခြားကျောင်းခရိုင်များမှ ကျင့်သုံးသော အကောင်းဆုံး အလေ့အထများကို နားလည်ရန် ကြိုးစားကြည့်နိုင်မည် ဖြစ်သည်။

မိဘများအနေဖြင့် မိမိတို့ သားသမီးများအား ဤစစ်ဆေးမှုတွင် ပါဝင်ခြင်းမပြုရန် ရွေးချယ်နိုင်ပါသည်၊ သို့သော်ငြားလည်း ကျောင်းသူကျောင်းသားများသည် NAEP တွင် ပါဝင်ဖြေဆိုပြီး မိမိတို့တတ်စွမ်းသရွေ့ အကောင်းဆုံး ကြိုးစားခြင်းဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းသူကျောင်းသားများ၏ အတိကျဆုံး အောင်မြင်မှု အလားအလာကို ကျွန်ုပ်တို့ ရရှိနိုင်မည်ဖြစ်သည်။

## ကျွန်ုပ်၏ကလေးအား မည်သည့်အချိန်တွင် စစ်ဆေးမှုပြု မည်နည်း။

**စစ်ဆေးမှုပြုလုပ်မည့်အချိန်ကာလ**
စစ်ဆေးမှုပြုလုပ်မည့်အချိန်ကာလမှာ သင့်ကလေး စစ်ဆေးမှုခံယူရမည့် နေ့ရက်များဖြစ်ပြီး အခြားနေ့များတွင် ညွှန်ကြားချက် ရရှိမည်ဖြစ်သည်။ စစ်ဆေးမှုပြုလုပ်မည့် အချိန်ကာလတစ်ခုလုံးတွင် ကျောင်းသားများစစ်ဆေးခံရမည် မဟုတ်ပါ။ ၎င်းတို့သည် အကြောင်းအရာကဏ္ဍတစ်ခုတွင်သာ ပါဝင်ဖြေဆိုရမည် ဖြစ်သည်။ သင့်ကလေးအတွက် စစ်ဆေးမည့်နေ့ရက်များနှင့်ပတ်သက်ပြီး အသေးစိတ်သိရှိစေရန် သင့်ကလေး၏ဆရာ/မနှင့် ဆက်သွယ်ပါ။

NAEP စစ်ဆေးမည့်ကာလမှာ ဇန်နဝါရီ နောက်ဆုံးအပတ်မှ မတ်လလယ်အထိ ဖြစ်သည်။ ကျောင်းသူကျောင်းသားများအတွက် စစ်ဆေးမှုမှာ မိနစ် ၉၀ မှ ၁၂၀ ခန့် ကြာမြင့်မည်ဖြစ်သည်။

## ကျွန်ုပ်ကလေးမှ မည်သည့် ရမှတ်(များ)ကို ရရှိမည်နည်း။

စစ်ဆေးမှုရလဒ်များကို အကဲဖြတ်စစ်ဆေးပြီးနောက် ခြောက်လခန့်အကြာတွင် ထုတ်ပြန်ပါမည်။ ရလဒ်များကို ကျောင်းခရိုင်တစ်ခုလုံးအတွက် ထုတ်ပြန်မည်ဖြစ်သည်- ကျောင်းသူကျောင်းသား တစ်ဦးချင်းအလိုက် သို့မဟုတ် ကျောင်းတစ်ကျောင်းချင်းစီအလိုက် ရလဒ်များ ရရှိနိုင်မည် မဟုတ်ပါ။

## ယင်းရမှတ်များအား မည်သို့ အသုံးပြုမည်နည်း။

ဤအကဲဖြတ်စစ်ဆေးမှု ရလဒ်များကို ညွှန်ကြားချက်ပေးရန်အတွက် အသုံးပြုမည်မဟုတ်ဘဲ ကျွန်ုပ်တို့ ကျောင်းသူကျောင်းသားများသည် အခြားကျောင်းခရိုင်မှ ကျောင်းသူကျောင်းသားများနှင့် နှိုင်းယှဉ်ပါက မည်သို့စွမ်းဆောင်နိုင်သည်ကို သိရှိစေနိုင်မည့် ပိုမိုကောင်းမွန်သော အတိုင်းအတာတစ်ခုအဖြစ် သိရှိစေရန်အတွက် ဖြစ်သည်။ ဤအကဲဖြတ်စစ်ဆေးမှု ရလဒ်များသည်-

- ကျောင်းသူကျောင်းသားများ လေ့လာသင်ယူရာတွင် မည်သည့် နည်းပညာသည် အဓိကကျသနည်းဆိုသည့် သုတေသနမေးခွန်းမျိုးကို ဖြေဆိုရန် ကူညီပေးနိုင်သည်။
- မူဝါဒရေးရာ စိစစ်လေ့လာသူများအား ကျွန်ုပ်တို့ ကျောင်းသူ ကျောင်းသားများ အောင်မြင်ရေးအတွက် လိုအပ်သည့်အရာများကို ပိုမိုနားလည်လာစေသည်။
- အထူးသဖြင့် အစဉ်အလာအရ ထိုက်သင့်သော ပညာရေးမရရှိခဲ့သည့် ကျွန်ုပ်တို့ ကျောင်းသူ ကျောင်းသားများအတွက် အရည်အသွေးမီသော ပညာရေးတစ်ခု ပေးနိုင်မှုရှိမရှိကို နားလည်လာစေရန် ကျွန်ုပ်တို့ကို ကူညီပေးနိုင်သည်။
- ကျောင်းခရိုင်၏ တာဝန်ယူနိုင်မှုကို တိုင်းတာသော နည်းစနစ်တစ်ခုအနေဖြင့် အသုံးပြုနိုင်သည်။

## ? နောက်ထပ်အချက်အလက်များ လိုအပ်ပါသလား

သင့်ကလေးပညာရေးတွင် ပါဝင်ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့မှ သင့်အား တိုက်တွန်းလိုပါသည်။ သင့်ကလေးအား အိမ်တွင်အထောက်အကူပြုပေးနိုင်မည့် နည်းလမ်းများသိရှိလိုလျှင်ဖြစ်စေ၊ မသန်စွမ်းမှုအတွက် စစ်ဆေးမှုဆိုင်ရာ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ပေးမှုများ ရရှိနိုင်မှုတို့အကြောင်း သိရှိလိုလျှင်ဖြစ်စေ သင့်ကလေးဆရာနှင့် ဆွေးနွေးရန် မတုံ့ဆိုင်းပါနှင့်။

**နောက်ထပ်အချက်လက်များ- စစ်ဆေးအကဲဖြတ်မှုများ**
ကြည့်ရှုရန်-

- http://assessments.dpsk12.org
- http://nces.ed.gov/nationsreportcard/

စစ်ဆေးမှုများနှင့်စပ်လျဉ်းပြီး သင့်တွင် မေးခွန်းများ သို့မဟုတ် စိုးရိမ်စရာများရှိပါက သင့်ကလေးကျောင်းသို့ တိုက်ရိုက် ဆက်သွယ်ပါ သို့မဟုတ် (၇၂၀) ၄၂၃-၃၀၅၄ သို့ခေါ်ဆိုပြီး မိသားစုများအတွက် ပညာရေးဆိုင်ရာဝန်ဆောင်မှုဌာနသို့ ဆက်သွယ်ပါ။